JobAccess
Driving disability employment

# အချက်အလက် သတင်းလွှာ
# လုပ်ငန်းရှင်များ ရရှိနိုင်သော ဝန်ဆောင်မှုများနှင့် အစီအစဉ်များ

လုပ်ငန်းရှင်များအတွက် ၎င်းတို့၏ လုပ်ငန်းခွင်များတွင် မသန်စွမ်းသူများခန့်ထားရေးနှင့် လုပ်ငန်းခွင်အတွင်းဆက်လက်ထား ရှိနိုင်ရေးတို့အတွက် ဝန်ဆောင်မှုများနှင့် အစီအစဉ်များစွာရှိပါသည်။ ၎င်းတို့တွင် ပါဝင်သည်များမှာ -

**နိုင်ငံတော်အဆင့် မသန်စွမ်းမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး အရာရှိများ**သည် ကျောင်းများနှင့် အစိုးရအလုပ်အကိုင် ကူညီရေးကဏ္ဍများကို ဆက်စပ်ပေးနိုင်ပြီး ပညာရေးလောကနှင့် လုပ်ငန်းခွင်လောကကြား ဆက်စပ်ပေးသည့် လမ်းကြောင်းများကို အားကောင်းလာစေသည်။

**ထောက်ပံ့ပေးထားသော လုပ်အားခစနစ်** သည် အလုပ်ခန့်အပ်ထားမသန်စွမ်းသူတစ်ဦး၏ လုပ်ဆောင်နိုင်စွမ်းနှင့် သင့်လျော် သော လုပ်အားခကို ထိုက်တန်အောင် ကိုက်ညှိပေးသည်။ အလုပ်လုပ်ကိုင်နိုင်စွမ်းကျဆင်းလာခြင်းကြောင့် အလုပ်ပြုတ်နိုင်သည့် အလားအလာနှင့်ရင်ဆိုင်နေရသော လက်ရှိအလုပ်သမားများကိုလည်း ကူညီပေးနိုင်ပါသည်။

**ဩစတြေးလျနိုင်ငံဆိုင်ရာ မသန်စွမ်းသူများ အလုပ်သင်ကာလ လုပ်အားခထောက်ပံ့မှု** မှ သတ်မှတ်ချက်အတွင်း ဘောင်ဝင်သော မသန်စွမ်းအလုပ်သင်များအား ခန့်အပ်ထားရန် အလုပ်ရှင်များကို ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်ဖြစ်သည်။

**လုပ်ငန်းအခြေပြု တစ်ကိုယ်ရည် ထောက်ပံ့မှု**မှာ ကျန်းမာရေး အခြေအနေ သို့မဟုတ် မသန်စွမ်းမှုကြောင့် ပုံမှန်အကူအညီ လိုအပ်သူများအတွက် လုပ်ငန်းခွင်ထောက်ပံ့ရေးဝန်ဆောင်မှု ကုန်ကျစရိတ်များကို ကူညီပေးဆောင်သည်။

**လှုပ်ရှားသွားလာရေးဆိုင်ရာ ခံစားခွင့်** မှာ အများသုံးသယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ခြင်းမရှိဟူသော ဆေးမှတ်တမ်းရှိသည့် အလုပ်သမားတစ်ဦးကို ခန့်အပ်ထားပါက သင့်အနေနှင့်အကူအညီရရှိနိုင်မည် ဖြစ်ပါသည်။

**တစ်နိုင်ငံလုံး လုပ်ငန်းအတွေ့ရရှိရေး အစီအစဉ်** မှ မသန်စွမ်းသူများသည် သင့်လုပ်ငန်းဆိုင်ရာပတ်ဝန်းကျင်တွင် မည်သို့ အလုပ်လုပ်ပုံနှင့် ၎င်းတို့သည် မတူညီသော လုပ်ငန်းတာဝန်အမျိုးမျိုးကို မည်သို့ဆောင်ရွက်နိုင်စွမ်းရှိပုံတို့ကို သိမြင်စေနိုင်မည့် အခွင့်အရေးကို ရရှိစေမည်ဖြစ်သည်။

**လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မှ** သင့်စီးပွားလုပ်ငန်းလိုအပ်ချက်များနှင့်ကိုက်ညီသော မသန်စွမ်းသူများ အပါအဝင် ဩစတြေးလျတိုက်အစွန်အဖျားနေရာများတွင် နေထိုင်သူအလုပ်သမားများကို ရှာဖွေပေးသည့် အစီအစဉ်ဖြစ်သည်။

**ဤဝန်ဆောင်မှုများတစ်စုံတစ်ရာနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက** သို့မဟုတ် သင့်လုပ်ငန်းခွင် အတွက်လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်ရန်စီမံပေးထားသော မသန်စွမ်းသူ အလုပ်ခန့်ထားရေးဆိုင်ရာ အချက်အလက်များကို သိရှိလိုပါက www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည် သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ် ဖုန်း 1800 464 800 သို့ ခေါ်ဆိုဆွေးနွေးနိုင်ပါသည် - မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခ ကောက်ခံပါမည်။

---

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**